# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၄။)

၁၃၇၇ ခုနှစ်၊ပထမဝါဆိုလဆန်း ၁ ရက်

( ၂၀၁၅ ခုနှစ်၊ဇွန်လ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ)၊ပုဒ်မခွဲငယ် (၂) ကိုပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲငယ် (၁)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီးပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ)၊ပုဒ်မခွဲငယ် (၁) တွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ဖြင့် အစားထိုး၍ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲငယ် (၂) အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်း အစားထိုးရမည် -

"(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် ပြည့်ပြီးဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသား ပြုခွင့်ရသူ၊"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် ပြည့်သူလည်းဖြစ်လျှင်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်း ဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(က) မဲဆန္ဒနယ်တစ်နယ်၏မဲစာရင်းတွင် အမည်ပါဝင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်